# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 12, 2024 Volume 80, Number 10

၁၂.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၄.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## နှမ်းများ ရိတ်သိမ်းအထွက်နှုန်းကောင်း ယခင်နှစ်ထက်ဈေးကောင်းရ



ယခုနှစ် နွေနှမ်းရိတ်သိမ်းချိန် အထွက်နှုန်းကောင်းမွန်ပြီး ယခင်နှစ်ထက် ဈေးကွက်တွင် ဈေးကောင်းရရှိကြောင်း တောင်သူများထံက သိရသည်။

၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးချိန်နှင့်အတူ စိုက်ပျိုးသည့်နွေနှမ်းများမှာ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ နှမ်းအထွက်ကောင်းမွန်သည့် ရာသီဥတုဖြစ်ခဲ့တာကြောင့် တစ်ဧက အထွက်နှုန်း မြင့်မားခဲ့ကြောင်း၊ ဈေးကွက်ပေါက်ဈေးအရ နှမ်းဖြူဈေးမှာ တစ်တင်း ငွေကျပ် ၁၂၀,၀၀၀ ကျော်ပေါက်ဈေးရရှိတာကြောင့် နွေနှမ်းစိုက်တောင်သူများ အဆင်ပြေကြောင်း အမရပူရမြို့နယ် သာလှအေးကျေးရွာမှ တောင်သူကိုရဲက ပြောသည်။

“ဒီနှစ်ရာသီဥတုလေးက မိုးနည်းတော့ နှမ်းအကြိုက်ရာသီဥတုဖြစ်ခဲ့တော့ အထွက်နှုန်းကောင်းကြပါတယ်။ အခင်းကောင်းရင် တစ်ဧက ၁၅ တင်းလောက်ထိ ထွက်ကြသလို ပျမ်းမျှ ၁၀ တင်း အနည်းဆုံးထွက်ရှိပါတယ်။ နှမ်းဖြူဈေးက မနှစ်က တစ်တင်းငွေကျပ် ၁၀၀၀၀၀ ဈေးရှိခဲ့တာကနေ ဒီနှစ် ၁၂၀,၀၀၀ ကျော် ရောင်းရတော့ တောင်သူတွေ အဆင်ပြေပါတယ် ” ဟု ၎င်းကပြောသည်။

နွေနှမ်းစိုက်ပျိုးမှုကို မတ်လက စတင်ကာစိုက်ပျိုးပြီး ဇူလိုင်လဆန်းအတွင်း အပြီး ရိတ်သိမ်းလေ့ရှိရာ ယခုနှစ်မိုးဦးကာလ မိုးရွာသွန်းမှုနည်းပါးတာကြောင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်သည်။ ထို့ပြင် ပြည်တွင်းဆီ လိုအပ်ချက်မြင့်မားနေတာကြောင့်လည်း ဈေးကွက်အတွင်း နှမ်းမျိုးစုံဈေးကောင်းရရှိနေခြင်းဖြစ်သည်။

မန္တလေးဈေးကွက်တွင် နှမ်းဖြူထိပ်စ တစ်တင်းလျှင် ငွေကျပ် ၁၂၆,၀၀၀ ပေါက်ဈေးရှိသဖြင့် နှမ်းတစ်ကေလျှင် ဝင်ငွေ ၁၂ သိန်းကျော်ရရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်းပဲ၊ နှမ်းဈေးကွက်တွင်ကုန်သည်များ ငွေပေးချေမှုအဆင်မပြေတာကြောင့် အရောင်းအဝယ်အေးနေ

ပြည်တွင်းပဲဈေးကွက်တွင် ကုန်သည်များ ငွေပေးချေမှု အဆင်မပြေတာကြောင့် အရောင်းအဝယ်များအေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိပြည်တွင်းဘဏ်များ၏ ငွေထုတ်ယူရာတွင် မူဝါဒအပြောင်းအလဲများကြောင့် ပြည်တွင်း ရောင်းဝယ်မှုများနှင့် ပို့ကုန်ရငွေ ပြန်လည်ထုတ်ယူရာတွင် အခက်အခဲမရှိသော်လည်း ပြည်တွင်းပွဲရုံများထံသို့ ငွေလွှဲရာတွင် ပြန်လည်ထုတ်ယူချိန်တွင် အကန့်အသတ်ဖြင့်သာ ထုတ်ယူရတာကြောင့် အရောင်းအဝယ်များ အနည်းငယ်တုံ့ဆိုင်းသွားခြင်း ဖြစ်သည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဆန်နှင့်နှမ်းမျိုးစုံမှာ အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပို့ကုန်ပဲများမှာ ငွေပေးချေမှုပမာဏများတာကြောင့် လက်ရှိမှာအရောင်းအဝယ် ဆိုင်းငံ့နေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲများမှာလည်း ငွေပေးချေမှု ပုံစံအလိုက်သာ အရောင်းအဝယ်ကျဆင်းနေကြောင်း၊ လက်ရှိမှာ ပဲဆီလိုအပ်ချက်မြင့်မားနေလို့ မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်ကောင်းနေကြောင်း၊ ပဲမာလိုင်းများမှာ အရောင်းအဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"လက်ရှိမှာ ဘဏ်ငွေလွှဲ အခက်အခဲကြောင့် အရောင်းအဝယ်ဘာမှမဖြစ်ဘူး ဖြစ်နေတယ်။ ပဲကုန်သည်တွေ ငွေလွှဲကြောင့် ငွေပေးချေမှုမှာ တော်တော်အခက်အခဲဖြစ်နေပါတယ်။ ပဲမျိုးစုံတွေ အရောင်းအဝယ်တွေ အေးနေတဲ့ကြားမှာ မြေပဲဆန်ကတော့ ဆီစက်ပိုင်တွေ အဝယ်ကောင်းနေလို့ မြေပဲဆန်တစ်မျိုးပဲ ဈေးတက်အဝယ်သွက်နေပါတယ်။ ပဲဆီက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ဖြစ်လာပါတယ်။ ပဲဖတ်ဈေးကလည်း တစ်ပိဿာ ငွေကျပ် ၄၀၅၀ ထိ ဖြစ်လာပါတယ်။ အခြားပဲမာလိုင်းမှာ အရောင်းအဝယ်မရှိသလောက်ဖြစ်သွားပါတယ်။ ပို့ကုန်ပဲတွေလည်း ငွေပေးချေမှုအဆင်မပြေလို့ အရောင်းအဝယ်ဖြစ်တာကို မကြားရတော့ပါဘူး" ဟု ၎င်းကပြောသည်။

ဇူလိုင် ၁၁ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၄၂၅,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၅,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးကျဆင်းနေရာ ဇူလိုင် ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၃၅,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၄၂,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၀,၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။

ပဲနှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေသည်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈,၀၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၁၁ ရက်တွင် နှမ်းမျိုးစုံအနည်းငယ် ဆက်လက်မြင့်တက်လာရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၈၃,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၃,၀၀၀၊ နှမ်းဖြူ(ရိုးရိုး) တစ်အိတ်လျှင် ငွေကျပ် ၃၈၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ၂၀၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း ထပ်မံမြင့်တက်လာ

ယခုတစ်ပတ်တွင်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ ထပ်မံမြင့်တက်လာကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။

ယနေ့ ဇူလိုင်လ ၁၂ ရက် စက်သုံးဆီဆိုင်များတွင် ရောင်းချလျက်ရှိသည့် ဈေးနှုန်းများအရ 92 တစ်လီတာ ၂၇၀၀ ကျပ်၊ 95 တစ်လီတာ ၂၈၂၀ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာ ၂၄၆၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၈၉၀ ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်တစ်ပတ်တွင် စက်သုံးဆီဆိုင်များ၌ ရောင်းချလျက်ရှိသည့် ဈေးနှုန်းများအရ 92 တစ်လီတာ ၂၆၈၅ ကျပ်၊ 95 တစ်လီတာ ၂၈၁၅ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာ ၂၄၈၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၉၁၅ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စင်ကာပူနိုင်ငံ၏ MOPS ဈေးနှုန်းသည်လည်း အနည်းငယ်မြင့်တက်လာပြီး ယမန်နေ့တွင် 92 Ron တစ်စည်ကို ၉၂ ဒသမ ဝ၆ ဒေါ်လာ၊ 95 Ron ကို ၉၆ ဒသမ ၄၈ ဒေါ်လာ၊ 10 PPM တစ်စည်ကို ၁၀၀ ဒသမ ၄၁ ဒေါ်လာ အသီးသီးရှိခဲ့ပြီး ယနေ့တွင် ယင်းထက်ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။

Popular News Journal

## ပြောင်းဖူးစေ့ အဝင်နည်းလက်ကျန်နည်းသော်လည်း ပြည်ပတင်ပို့ရန်ဝယ်ယူမှုရှိနေ

ဇူလိုင်လ ဒုတိယပတ်တွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်သို့ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပြောင်းဖူးစေ့များ ဝင်ရောက်မှု နည်းလာကြောင်း၊ ဈေးကွက်လက်ကျန်လည်းနည်းလာပြီး ဈေးအေးနေကြောင်းသိရသည်။ ပြောင်းဖူးစေ့ကို ပြည်ပတင်ပို့ရန် စာချုပ်လက်ကျန်ရှိသည့် Exporter များ ဝယ်ယူမှုသာရှိနေကြောင်း၊ မန္တလေးဆိပ်ကမ်းမှ နေ့စဉ်တင်ပို့မှု ရှိနေကြောင်း သိရသည်။ ပြောင်းဖူးစေ့(ဗမာ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၆၈,၀၀၀မှ ၆၉,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၆၆,၀၀၀မှ ၆၇,၀၀၀၊ ယခင်လတွင် ကျပ် ၆၅,၀၀၀မှ ၆၀,၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၊ ယခင်လထက် ကျပ် ၃၀၀၀ ခန့်ဈေးမြင့်လာသည်။

ပြောင်းဖူးစေ့(ရှမ်း) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၇၁,၅၀၀ မှ ၇၂,၅၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၆၈,၀၀၀မှ ၇၀,၀၀၀၊ ယခင်လတွင် ကျပ် ၆၉,၀၀၀မှ ၇၀,၀၀၀ဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ကျပ်၂၅၀၀ မှ ၃၅၀၀၊ ယခင်လထက် ကျပ် ၂၅၀၀ ဈေးမြင့်လာသည်။

ပြောင်းဖူးစေ့(စီပီ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၇၀,၀၀၀မှ ၇၂,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၆၈,၀၀၀မှ ၇၀,၀၀၀၊ ယခင်လတွင် ကျပ် ၆၉,၀၀၀မှ ၇၀,၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀ မှ ၂၀၀၀ ခန့်ဈေးမြင့်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၆၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၆၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းကပြောပြ၍ သိရသည်။ ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မေလ အတွင်းက သီဟိုဠ်စေ့ ပိဿာချိန် ၄၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ သီဟိုဠ်စေ့ ပိဿာချိန် ၆၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအား ကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက် ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေဟာ နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေဖြစ်ပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ကုန်ချောအဖြစ်ပြုလုပ်ပြီး ရေကြည်မြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်" ဟု ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ထိ ဈေးပေါက်

နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးရာတွင် မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်များ၌ စိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက် သီဟိုဠ်စေ့ကို ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသဖြင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၉၅,၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဝင်းက ပြောပြ၍သိရသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မေလအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဖူးစားပြောင်းအဖူးရေ ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဝင်းက ပြောပြ၍သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မေလအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဖူးစားပြောင်း အဖူးရေ ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းက ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်း နေလို့ တင်ပို့ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းတယ်" ဟု ငပုတောမြို့ နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ ဖူးစားပြောင်းအဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၂၉၀,၀၀၀ မှ ၃၄၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ဖြူဝင်းက ဆက်လက်ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၆၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၆၇၀,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြ၍သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက သီဟိုဠ်စေ့ပိဿာချိန် ၄၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ သီဟိုဠ်စေ့ပိဿာချိန် ၆၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ ရောင်းချအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေဟာ နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေဖြစ်ပါတယ်။ ဒေသထွက်

သီဟိုဠ်စေ့တွေကို ကုန်ချောအဖြစ်ပြုလုပ်ပြီး ရေကြည်မြို့ကနေတစ်ဆင့် ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေ ပါတယ်”ဟု ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိသာချိန် ၈၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ ပိသာချိန် ၈၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ပြောပြချက်အရ သိရသည်။ ဖျာပုံမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိပြီး မေလအတွင်းက သန့်စင်ပြီး ကဏန်းပျော့ပိသာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာ



ကာလအတွင်း သန့်စင်ပြီးကဏန်းပျော့ပိသာချိန် ၈၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဖျာပုံမြို့နယ်ကနေထွက်တဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ပြန်လည်သွက် လာတဲ့အတွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာပါ။ တင်ပို့ကုန်များလာ တော့ ကဏန်းပျော့လုပ်ငန်း လုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာပါတယ်။ ဒါ့ပြင်ကဏန်းပျော့တင်ပို့တဲ့ လုပ်ငန်းတွေနဲ့ဆက်စပ်တဲ့သူတွေလည်း အဆင်ပြေလာတယ်။ လက်ရှိ ရန်ကုန်မြို့ကနေ တစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ ဒီဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးလုပ်ကိုင်ကြပါတယ်”ဟု ဒေါ်စုခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့များကို ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။ အဆိုပါဒေသထွက် ကဏန်းပျော့များ ဝယ်လိုအား ကောင်းနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## အိန္ဒိယနိုင်ငံသည် ပြောင်း၊ ဟင်းသီးဟင်းရွက်ဆီများအား အခွန်ပေးဆောင်၍ တင်သွင်းခွင့်ပြု

အိန္ဒိယနိုင်ငံ၊ နယူးဒေလီတွင် စားနပ်ရိက္ခာဖောင်းပွမှုကို လျှော့ချရန်ကြိုးစားနေသောကြောင့် တင်သွင်းသူများ၏ အခွန်နှုန်းထားခွဲတမ်း(TRQ)အောက်၌ ပြောင်း၊ နေကြာဆီကြမ်း၊ သန့်စင်ပြီးပဲဆီနှင့်နို့မှုန့်တို့ကို အကန့်အသတ်ဖြင့် တင်သွင်း ခွင့်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့် နေကြာဆီကဲ့သို့သော ဟင်းသီးဟင်းရွက်ဆီများကို အများဆုံးတင်သွင်းသောနိုင်ငံဖြစ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းများ အများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံသည် နေကြာဆီ မက်ထရစ်တန်ချိန် ၁၅၀,၀၀၀၊ စပါးတန်ချိန် ၅၀၀,၀၀၀၊ နို့မှုန့်တန်ချိန် ၁၀,၀၀၀နှင့် သန့်စင်ပြီးသော မုံ့ညင်းဆီ တန်ချိန် ၁၅၀,၀၀၀ တို့ကိုတင်သွင်းခွင့်ပြုကြောင်း အစိုးရကပြောကြားခဲ့သည်။ ကောက်ပဲသီးနှံများကို ထိခိုက်စေသည့် ဆိုးရွားသောရာသီဥတုကဲ့သို့သော ဘေးထွက်ဆိုးကျိုးများကြောင့် စားနပ်ရိက္ခာဖောင်းပွမှုသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလကတည်းက တစ်နှစ်ထက်တစ်နှစ် ၈ ရာခိုင်နှုန်းဝန်းကျင်တွင်ရှိနေခဲ့ပြီး အတိုးနှုန်းကို ဖြတ်တောက်ခြင်းမှ တားဆီး ထားသည်။ သွင်းကုန်များအတွက် အိန္ဒိယနိုင်ငံအစိုးရသည် အမျိုးသားနို့ထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့(NDDB)၊ အမျိုးသားသမဝါယမ နို့ထွက်ပစ္စည်းအသင်းချုပ်(NCDF)နှင့် National Agricultural Cooperative Marketing Federation of India(NAFED) ကဲ့သို့သော သမဝါယမနှင့် အစိုးရပိုင်ကုမ္ပဏီများကို ဆန်ခါတင်စာရင်းသွင်းထားသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ဟင်းသီးဟင်းရွက်ဆီ လိုအပ်ချက်၏ ၃ ပုံ ၂ ပုံကို အင်ဒိုနီးရှားနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှ တင်သွင်းပြီး ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနားနှင့်ဘရာဇီးနိုင်ငံတို့မှ နေကြာဆီနှင့်ပဲပိစပ်ဆီတို့တင်သွင်းသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နို့ထွက်ပစ္စည်းအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း မကြာသေးမီက နို့ထွက်ပစ္စည်း ထိပ်တန်းဝယ်လိုအားများကြားတွင် ဝယ်လိုအားပြင်းထန်မှုကြောင့် နို့နှင့်နို့ထွက်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် အီသနောလုပ်ငန်းရှင်များထံမှ ဝယ်လိုအားကောင်းခြင်းကြောင့် ပြည်တွင်းပြောင်းဈေးနှုန်းများ မြင့်တက်ခဲ့သည်။

**Source: sg.news,yahoo,com**

https://www.doca.gov.mm

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖူကျန့်ပြည်နယ်၊ ရှမန်မြို့တွင် "(၂၄) ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲ (24th China International Fair for Investment & Trade-CIFIT)" ကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖူကျန့်ပြည်နယ်၊ ရှမန်မြို့တွင် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးစီး၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်အထိ " (၂၄) ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲ (24th China International Fair for Investment & Trade-CIFIT)" ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲကို "နှစ်ဦးနှစ်ဖက် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လျက် ကမ္ဘာ့တစ်ဝှမ်း ဆက်စပ်ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန် (Further expanding bilateral investment, Jointly facilitating global development)" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အစိမ်းရောင်နှင့်ကာဗွန်ထုတ်လုပ်မှုလျော့နည်းသည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဂျစ်တယ်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု စသည့်အကြောင်းအရာများကို ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ဦးရွက်ပြုမှု၊ တရုတ်နိုင်ငံအတွင်း အရည်အသွေးမြင့်ရင်းနှီးမြှုပ်နှံမှု စသည်များအား နိုင်ငံတကာနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု မူဘောင်များအတွင်း အဓိကထား ဆွေးနွေးသွားမည်ဖြစ်သည်။

ပြပွဲကျင်းပရေးကော်မတီအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရာရှိများ၊ ကုမ္ပဏီလုပ်ငန်းကိုယ်စားလှယ်များမှ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မူဝါဒနှင့်အဓိကလုပ်ငန်းများ စသည်တို့ကို ပြခန်းဖွင့်လှစ်၍ ပါဝင်ပြသနိုင်မည်ဖြစ်ပြီး သတ်မှတ်ထားသည့်ဧရိယာအတွင်း ပြခန်းတစ်ခု အခမဲ့စီစဉ်ပေးမည်ဖြစ်ရာ သတ်မှတ်ဧရိယာထက် ကျော်လွန်ပြသလိုပါက အဆိုပါနေရာအတွက် ပြခန်းခ ကောက်ခံမည်ဖြစ်ကာ discount rate အတွက် ဆွေးနွေးညှိနှိုင်းနိုင်ပါကြောင်းနှင့် အခမဲ့စီစဉ်ပေးမည့် ပြခန်းဧရိယာသည် ၁၈ စတုရန်းမီတာဖြစ်ပြီး ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာခရီးသွားလာစရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ပါကြောင်းနှင့် ပြပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ shanshanz@chinafair.org.cn သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြပါရှိသည်။

အထက်ပါပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## STOCK EXCHANGE (12.7.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Jul. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 740 | 6,312,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,345 | 21,255,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 131 | 1,074,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 356 | 597,450 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 136 | 368,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 7,205 | 12,248,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 19 | 68,900 | 23,804,946 | 85,698 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.69 | +0.79 | +0.20% | 400.54 | 400.69 | 398.26 | 14,932 | 41,925,000 | 8 | 755,777 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

### Main Board

As of 1:00 pm, 12th Jul. 2024

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

| MYANPIX | 400.69 ▲ 0.79 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 0 |